# လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာ
## မြန်မာနိုင်ငံ
စာစဉ် ၅ | မေ ၂၀၁၄

OCHA




ဆတ်ရိုးကျစခန်းမှ ကလေးငယ်တစ်ဦး၊ အောက်တိုဘာ ၂၀၁၃၊ ဓာတ်ပုံ - OCHA

### ဤစာစဉ်တွင်


ရခိုင်ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်မြှင့် စာ-၁

ဘေးဒဏ်သင့်သူများအား တာဝန်ခံမှု စာ-၂

ရှမ်းမြောက်ပိုင်း နေရပ်စွန့်ခွာ တိမ်းရှောင်မှု စာ-၃

မြစ်ကြီးနား IDP မိသားစုများအား ပြန်လည်နေရာချ စာ-၄

လူသားချင်းစာနာမှုရန်ပုံငွေအခြေအနေ စာ-၄


## အဓိကအချက်များ

- ကျန်းမာရေးဝန်ဆောင်မှုပိုင်း တိုးတက်မှုများ ရှိသော်လည်း အန္တရာယ်ကျရောက်လွယ်သော လူထုအများအပြား ဝန်ဆောင်မှုလိုအပ်
- ဘေးဒဏ်သင့်သူများအား တာဝန်ခံမှု တိုးမြှင့်ရန် ရခိုင်ပြည်နယ်ရှိလူသားချင်းစာနာမှု အဖွဲ့များဆောင်ရွက်
- ကချင်နှင့် ရှမ်းမြောက်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွား၍ လူရာနှင့်ချီ နေရပ်စွန့်ခွာတိမ်းရှောင်ရ
- မြစ်ကြီးနားတွင် နေရပ်စွန့်ခွာ တိမ်းရှောင် မိသားစုများအား ပြန်လည်နေရာချထား

## အဓိက ကိန်းဂဏန်းများ

### ရခိုင်ပြည်နယ် လူသားချင်း စာနာမှုအကူအညီအတွက် လျာထားသော သူများ

| | |
|---|---|
| နေရပ်စွန့်ခွာတိမ်းရှောင်သူ* | ၁၃၇,၀၀၀ |
| အစားအစာမလုံလောက်သူ | ၇၀,၀၀၀ |
| သီးခြားရွာများမှ လူများ | ၅၀,၀၀၀ |
| ရပ်ရွာအတွင်းရှိ လူများ | ၅၀,၀၀၀ |

### ကချင်နှင့် ရှမ်းမြောက် လူသားချင်း စာနာမှုအကူအညီအတွက် လျာထားသော သူများ

| | |
|---|---|
| နေရပ်စွန့်ခွာတိမ်းရှောင်သူ* | ၉၈,၀၀၀ |
| ရပ်ရွာအတွင်းရှိ လူများ | ၂၀,၀၀၀ |

## ရန်ပုံငွေ

၁၉၂ သန်း

တောင်းခံထား

(အမေရိကန်ဒေါ်လာ)

၃၉% ရရှိပြီး

ကိုးကား - UNHCR၊ OCHA၊ CCCM

* မေ၊ ၃၁ ကရရှိသော UNHCR (CCCM) ကိန်းဂဏန်းများ

# ရခိုင်တွင် မတ်/ဧပြီလများက နှောင့်နှေးမှုများနောက်ပိုင်း လူသားချင်းစာနာမှုလုပ်ငန်းများ အရှိန်မြှင့် ဆောင်ရွက်

မတ်လကုန်ပိုင်းက ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ကုလသမဂ္ဂနှင့် NGO (INGO) ရုံးများ တိုက်ခိုက်ခံရမှုကြောင့် လုပ်ငန်းများ နှောင့်နှေးရပ်တန့်ခဲ့ပြီးနောက် မေလမှစ၍ လူသားချင်းစာနာမှုအဖွဲ့များသည် လုပ်ငန်းများ ပြန်လည်အရှိန်မြှင့် ဆောင်ရွက်လျှက်ရှိသည်။ သို့ရာတွင် အဖွဲ့အစည်းအများအပြားမှာ လုပ်ငန်းများလျှော့ပေါ့ ဆောင်ရွက်နေရပြီး မေလကုန်ထိ ကုလသမဂ္ဂနှင့် INGO ဝန်ထမ်း ၆၀ ရာခိုင်နှုန်းသာ စစ်တွေသို့ ပြန်လည်သွားရောက်နိုင်သေးသည်။ အဓိက အခက်အခဲမှာ စစ်တွေမြို့ "တောင်ပိုင်း" ရှိ ကုလသမဂ္ဂနှင့် INGO များအတွက် ပေးထားသော ရုံးနေရာများနှင့်ပတ်သက်၍ အခက်အခဲ ရှိခြင်းဖြစ်သည်။ ထိုနေရာမှာ လူသားချင်းစာနာမှုအဖွဲ့များအား ရုံးခန်းပေးရန် သတ်မှတ်လျာထားပြီး လုံခြုံရေးဖြည့်စွက်ပေးထားသော နေရာဖြစ်သည်။ ခန့်မှန်းခြေ ဝန်ထမ်း ၁၀၀ ဦးခန့်မှာ နေထိုင်ရန်နေရာများ ရှာဖွေနေဆဲဖြစ်ပြီး ဝန်ထမ်း ၈၀ ကျော်အတွက် ရုံးခန်းနေရာလိုအပ်သည်။ INGO နှစ်ခုဖြစ်သော MSF Holland (MSF-H) နှင့် Malteser တို့မှာ ပြည်နယ်တွင်း ၎င်းတို့၏ ပုံမှန်လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရန် ခွင့်ပြုချက်မရရှိသေးပေ။

ရခိုင်ပြည်နယ်အလယ်ပိုင်းရှိ မြို့နယ်အားလုံးမှ IDP စခန်းများနှင့် ရွာများတွင် အရေးပေါ်အခြေအနေ ပေါင်းစပ်ညှိနှိုင်းရေးဌာန၊ ဒေသခံအာဏာပိုင်များနှင့် ပူးပေါင်း၍ လူသားချင်းစာနာမှုလုပ်ငန်းများ ပြန်လည် စတင်နေပြီဖြစ်သည်။ သို့သော် အရေးပါသော လုပ်ငန်းများမှာ အရှိန်ပြည့် လည်ပတ်နိုင်ခြင်း မရှိသေးပေ။ ကျန်းမာရေးဆိုင်ရာ လွှဲပြောင်းပေးရေးစနစ်များ ခက်ခဲမှုကြောင့် IDP စခန်းများမှ ဆေးဝါးကုသမှုလိုအပ်သည့် အာဟာရချို့တဲ့သော ကလေးသူငယ်များအား စစ်တွေဆေးရုံသို့ ပို့ဆောင်ပေးရန် အခက်အခဲရှိနေဆဲဖြစ်သည်ဟု ရခိုင်ပြည်နယ်ရှိ လူသားချင်းစာနာမှုအဖွဲ့များက တင်ပြကြသည်။ ရေနှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး (WASH) လုပ်ငန်းများပြန်လည်စတင်နေပြီဖြစ်သော်လည်း မိုးရာသီအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ နှောင့်နှေးနေပြီး ဆောက်လုပ်ရေးပစ္စည်းများလိုအပ်သည့် လုပ်ငန်းများ ရပ်တန့်ထားရသည်။



ဆတ်ရိုးစုစခန်းတွင် ရေခပ်ယူနေကြပုံ၊ မေ ၂၀၁၄။ ဓာတ်ပုံ - OCHA

**နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ခြင်းကို လက်လှမ်းမီမှုတိုးတက်လာသော်လည်း အန္တရာယ်ကျရောက်လွယ်သော လူထုအများအပြား အကူအညီအပြည့်အဝမရကြသေး**

လူသားချင်းစာနာမှုအဖွဲ့များသည် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် အန္တရာယ်ကျရောက် လွယ်သောလူထုအတွက် ကျန်းမာရေးစောင့်ရှောက်ခြင်းကို လက်လှမ်းမီမှု ပြန်လည်ရှိလာစေရန် ဆောင်ရွက်ရာတွင်

ကျန်းမာရေးဝန်ကြီးဌာန ဆေးကုသရေးအဖွဲ့များနှင့် အမျိုးသားကျန်းမာရေးဌာနများအား မေလအတွင်းက ပံ့ပိုးကူညီပေးခဲ့သည်။ အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းအဖွဲ့များတွင် ပါဝင်သည့် ကျန်းမာရေး ဝန်ထမ်းအရေအတွက်မှာ ဧပြီလကုန်တွင် ၈၃ ယောက်မှ မေလကုန်တွင် ၁၀၀ ကျော်သို့ တိုးလာသည်။ ထိုကာလအတွင်းရွှေ့ပြောင်းဆေးပေးခန်းများဆောင်ရွက်နေသည့် အဖွဲ့အရေအတွက်မှာ ၁၁ ဖွဲ့မှ ၁၅ ဖွဲ့သို့ တိုးလာသည်။ မတ်လမတိုင်ခင်အထိ ရခိုင်ပြည်နယ်ရှိ နိုင်ငံတကာ NGO များအနက် အကြီးဆုံး ကျန်းမာရေးစောင့်ရှောက်မှုပေး အပ်သည့် အဖွဲ့ဖြစ်သော MSF-H ၏ လုပ်ငန်းများ ရပ်ဆိုင်းခံထားရဆဲဖြစ်ကာ အထူးသဖြင့် မောင်းတောနှင့် ဘူးသီးတောင်တို့တွင် ဝန်ဆောင်မှုလိုအပ်ချက်များ ပေါ်ထွက်လာသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ဧပြီလ ကတည်းက နိုင်ငံတွင်း အခြားနေရာများမှ ကျန်းမာရေးဝန်ထမ်းများကို တာဝန်ချထားပေးသော်လည်း တုံ့ပြန်မှု ဆက်လက်ဆောင်ရွက်ရန် ရန်ပုံငွေ မရှိပေ။ ထို့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အရေးပေါ် တုံ့ပြန်ရေးအဖွဲ့များ ရခိုင်ပြည်နယ်တွင် ဇူလိုင်လမှ စက်တင်ဘာလထိ သုံးလတာလုပ်ငန်းဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနအား ရန်ပုံငွေ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

WHO က ရရှိသည့် သတင်းအချက်အလက်များအရ မေလအတွင်း ကျန်းမာရေးကုသပေးမှုနှင့် လူနာလွှဲပြောင်းပေးမှုအရေအတွက် သိသာစွာ တိုးလာသည်။ အရေးပေါ် လူနာလွှဲပြောင်းပေးမှုမှာ ဧပြီလတွင် ၁၁ ဦးမှ မေလကုန်တွင် ၄၀ ဦးတို့ တိုးလာသည်။ ယာယီစခန်းများသို့ ရွှေ့ပြောင်းဆေးပေးခန်းများ သွားရောက်မှု ကြိမ်ရေမှာလည်း တိုးမြင့်လာသည်။ ဤသို့ တိုးမြင့်လာမှုမှာ ရွှေ့ပြောင်းဆေးပေးခန်းများနှင့် ကျန်းမာရေးဝန်ထမ်း အရေအတွက် တိုးမြင့်လာမှုအပါအဝင် ပိုမိုကောင်းမွန်လာသော ပေါင်းစပ်ညှိနှိုင်းရေး၊ စီမံကိန်းရေးဆွဲခြင်းနှင့် စခန်းများ၊ အွန္တရာယ်ကျရောက်လွယ်သော လူထုထံ လက်လှမ်းမှီမှုတို့ ကြောင့်ဖြစ်သည်။



သက်ကယ်ပြင်စခန်း၊ ရခိုင်ပြည်နယ်သို့ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ သွားရောက်စဥ်၊ မေ ၂၀၁၄။ ဓာတ်ပုံ - MMA

*လုပ်ငန်းများရပ်ဆိုင်း မခံရမီထိ MSF-H သည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အွန္တရာယ်ကျရောက်လွယ်သူ ၅၀၀,၀၀၀ ကျော်အား အခြေခံနှင့် ဆင့်ပွားကျန်းမာရေးစောင့်ရှောက်မှုများပေးအပ်လျှက်ရှိသည်။*

ဤသို့ တိုးတက်မှုများ ရှိသော်လည်း သီးခြားဖြစ်နေသော ရွာများနှင့် အွန္တရာယ်ကျရောက်လွယ်သော လူထုအများအပြား ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမမီသေးသည့်အလျှောက် သိသာထင်ရှားသော လိုအပ်ချက်များ ရှိနေသေးသည်။ ထို့ပြင် စစ်တွေဝန်းကျင်ရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် စခန်းအများစုမှာ ယခုအခါ ရွှေ့ပြောင်းဆေးပေးခန်းများမှ ပေးအပ်သည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်ရရှိနေသော်လည်း ပေါက်တောအပါအဝင် အလှမ်းဝေးသော စခန်းများသို့ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ ရောက်ရှိမှုအကြိမ်ရေမှာ လိုအပ်ချက်ပြည့်မှီခြင်း မရှိသေးပေ။ မေလကုန်တွင် မိုးရာသီစတင်သည်နှင့်အတူ ရေကြောင့်ကူးစက်သော ရောဂါများနှင့် တုပ်ကွေးရောဂါဖြစ်ပွားနိုင်ချေများကြောင့် ကျန်းမာရေးအစောင့်အရှောက်လစ်ဟာမှုများမှာ အထူးစိုးရိမ်ဖွယ်ရာ ဖြစ်သည်။ ဖေဖော်ဝါရီလကုန်လုပ်ငန်းများရပ်ဆိုင်းမခံရမီထိ MSF-H ကအွန္တရာယ်ကျရောက် လွယ်သူ ၅၀၀,၀၀၀ ကျော်အားအခြေခံနှင့် ဆင့်ပွားကျန်းမာရေး စောင့်ရှောက်မှုများပေးအပ်နေသည့် ရခိုင်ပြည်နယ် မြောက်ပိုင်းမှ အွန္တရာယ်ကျရောက်လွယ်သော လူထုများအတွက် ကျန်းမာရေးစောင့်ရှောက်မှုမှာ ဆိုးဆိုးဝါးဝါး ချို့တဲ့နေသည်။ MSF-H သည် တစ်လလျှင် ပျမ်းမျှ လူနာ ၄၀၀ ကျော်အား မြို့နယ်ဆေးရုံများသို့ လွှဲပြောင်းမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

# ဘေးဒဏ်သင့်သူများအား တာဝန်ခံမှုကို ခိုင်မာစေခြင်း

ရခိုင်ပြည်နယ်ရှိ လူသားချင်းစာနာမှုအဖွဲ့များသည် ၎င်းတို့၏ စီမံကိန်းများတွင် ဘေးဒဏ်သင့်သူများအား တာဝန်ခံမှုကို ခိုင်မာစေခြင်း (accountability to affected populations - AAP) ကို အရှိန်မြှင့်ဆောင်ရွက်ရန် ခြေလှမ်းစတင်လျှက်ရှိသည်။ AAP သည် IASC ဦးဆောင်အဖွဲ့များက ဖော်ထုတ်ထားသည့် အဓိက ကတိကဝတ် ငါးချက်ဖြစ်သော (၁) ခေါင်းဆောင်မှု၊ (၂) ပွင့်လင်းမြင်သာရှိမှု၊ (၃) အကြံပြုရေးနှင့် တိုင်ကြားရေးစနစ်များ၊ (၄) ပါဝင်ဆောင်ရွက်မှုနှင့် စီမံကိန်းပုံထုတ်မှုတို့တွင် လူထုအသိုင်းအဝိုင်းအနေဖြင့် အဓိပ္ပာယ်ရှိရှိ ပူးပေါင်းဆောင်ရွက်မှု နှင့်

(၅) စီမံကိန်းများ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း တို့ကို အဓိကထားသော မူဘောင်တစ်ရပ်ဖြစ်သည်။ ယင်းမူဘောင်သည် ပဋိပက္ခဒဏ်သင့်သူများအား စီမံကိန်းရေးဆွဲရာတွင် အဓိကထားပြီး လူသားချင်းစာနာမှုအခြေအနေများတွင် အသက်အရွယ်၊ ကျားမကွဲပြားမှု၊ မသန်စွမ်းနှင့် စိတ်ကျန်းမာရေးကိစ္စရပ်များကို ထည့်သွင်းစဉ်းစားသော ချဉ်းကပ်မှု ပုံစံတစ်ရပ်ဖြစ်သည်။

*လူထုအသိုင်းအဝိုင်း၏ အကြံပြု ချက်များအရ WFP သည် ထိုဒေသတွင် အစားအစာဖြန့်ဖြူးသည့် နေရာများ အရေအတွက် တိုးချဲ့ပေးထားသည်။ ထို့အတွက် လူအများ အနေဖြင့် ယခုအခါ ၎င်းတို့၏ လစဉ်ရိက္ခာ ရယူရန်အတွက် သွား လာရသည့် ခရီးပိုမို တိုတောင်းသွားသည်။*

ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်းတောရှိ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) ရုံးသည် မောင်းတော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များရှိ အစားအစာအကူအညီလက်ခံရယူနေသော မိသားစုများအတွက် အကြံပြုရေးနှင့် တိုင်ကြားရေးစနစ်တစ်ရပ် စတင်ထားသည်။ လူထုအသိုင်းအဝိုင်း၏အကြံပြုချက်များအရ WFP သည် ထိုဒေသတွင် အစားအစာဖြန့်ဖြူးသည့်နေရာများ အရေအတွက် တိုးချဲ့ပေးထားသည်။ ထို့အတွက် လူအများအနေဖြင့် ယခုအခါ ၎င်းတို့၏ လစဉ်ရိက္ခာရယူရန်အတွက် သွားလာရသည့် ခရီးပိုမိုတိုတောင်းသွားသည်။ ဤအချက်မှာ ဖြန့်ဖြူးသည့်နေရာများသို့သွားရာတွင် ပိုမိုအန္တရာယ်ကျရောက်လွယ်သော အမျိုးသမီးများအတွက် အထူးသဖြင့် အရေးပါသည်။ မောင်းတောရှိ WFP သည် ၎င်း၏လုပ်ငန်းများနှင့် စည်းမျဉ်းစည်းကမ်းများကို အသေးစိတ် ဖော်ပြထားသော သတင်းအချက်အလက်စာစောင်တစ်စောင်ကိုလည်း အစားအစာမဝေမီ လူထုအသိုင်းအဝိုင်းကို ပေးအပ်ထားသည်။ လွန်ခဲ့သည့်နှစ်ကတည်းက WFP သည် ပိုင်ဆိုင်မှု၊ အသက်၊ ကျားမကွဲပြားမှု၊ မသန်စွမ်းမှုစသည့် အန္တရာယ်ကျရောက်လွယ်မှုအပေါ်အခြေခံသော အစားအစာအကူအညီလက်ခံရယူရေးအတွက် WFP ၏ ရွေးချယ်မှုစည်းမျဉ်းစည်းကမ်းများအကြောင်း ရှင်းပြထားသည့် "ရပ်ရွာ စေတနာ့ဝန်ထမ်းများ" များကို စတင်လေ့ကျင့်ပေးထားသည်။ အဆိုပါ စေတနာ့ဝန်ထမ်းများသည် ရပ်ရွာအတွင်း နားလည်မှုလွဲမှားချက်များကို ရှင်းလင်းပေးပြီး ရပ်ရွာ၏ ပူပင်စိုးရိမ်မှုများကို စုစည်း၍ WFP ကို တင်ပြပေးကာ အလိုက်သင့် စီမံကိန်းရေးဆွဲမှုကို ကူညီပေးသည်။

**ယာယီစခန်းစီမံခန့်ခွဲမှုနှင့် မီးဘေးလုံခြုံရေးတွင် အမျိုးသမီးများ ပါဝင်မှု ပိုမိုကောင်းမွန်စေခြင်း**

Lutheran World Federation (LWF) သည် နေရပ်စွန့်ခွာသူ ၁၈,၀၀၀ ကျော်နေထိုင်သော စစ်တွေမြို့နယ်ရှိ ယာယီစခန်း လေးခုတွင် ယာယီစခန်းစီမံခန့်ခွဲမှုကော်မီတီ (CMC) အဖွဲ့ဝင်များ၊ ယာယီစခန်း ရပ်ရွာလုပ်သားများ၊ LWF ဝန်ထမ်းများနှင့် အခြားအဖွဲ့များမှ ဝန်ထမ်းများအတွက် လစဉ်အစည်းအဝေးများ ကျင်းပပေးသည်။ အစည်းအဝေးများအတွင်း အစားအစာ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ယာယီစခန်းစီမံခန့်ခွဲမှုစသည့် စခန်းနေသူများနှင့်သက်ဆိုင်သော ကိစ္စရပ်များကို ဆွေးနွေး ဖြေရှင်းကြသည်။ ဤအစည်းအဝေးများတွင် အမျိုးသမီးများ ပိုမိုတက်ရောက်ကြပြီး CMC များတွင် လူငယ်များ၊ အသက်အရွယ်ကြီးသူများ၊ မသန်စွမ်းသူများလည်း ပါဝင်လာစေသည်။

*ယခုနှစ်တွင် မီးဘေး လုံခြုံရေးသင်တန်း တက်ရောက်သူ အားလုံးနီးပါး အမျိုး သမီးများ ဖြစ်နိုင်သည်။*

လွန်ခဲ့သည့်နှစ်က မီးဘေးလုံခြုံရေးအတွက် LWF က လေ့ကျင့်ပေးခဲ့သူအများစုမှာ အမျိုးသားများဖြစ်ကြသော်လည်း ယခုနှစ်တွင် အမျိုးသမီးများက သင်တန်းတွင် ပါဝင်ရန် တောင်းဆိုလာကြသည်။ အစပိုင်းတွင် CMC များက အမျိုးသမီးများအား သင်တန်းပေးရန် တွေ့ဝေတုံ့ဆိုင်းမှုများရှိခဲ့သော်လည်း နောက်ပိုင်းတွင် အမျိုးသမီးများမှာ အိမ်တွင် အနေပိုများပြီး မီးဘေးပိုမို ကျရောက်လွယ်ကြောင်း လက်ခံလာကြသည်။ ၎င်းတို့သည် မီးဘေးဖြစ်ပွားရာတွင် ကနဦးတုံ့ပြန်သူများဖြစ်နိုင်ပြီး ၎င်းတို့ ကလေးသူငယ်များ၏ အသက်ကို ပိုမိုကယ်တင် နိုင်ချေရှိသည့်အလျောက် သင်တန်းပေးသင့်သည်။ ယခုနှစ်တွင် သင်တန်းတက်ရောက်သူအားလုံးနီးပါးမှာ အမျိုးသမီးများ ဖြစ်နိုင်သည်။



ရခိုင်ပြည်နယ်၊ ခေါင်ဒုတ်ခါစခန်း ၂ ရှိ အဖွဲ့များကြား အစည်းအဝေး၊ ဖေဖော်ဝါရီ ၂၀၁၄။ ဓာတ်ပုံ - LWF

Danish Refugee Council (DRC)၊ Save the Children International၊ Action Contre la Faim နှင့် UNHCR အပါအဝင် ရခိုင်ပြည်နယ်ရှိ အခြားအဖွဲ့များကလည်း ၎င်းတို့၏ စီမံကိန်းများတွင် AAP လုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်နေကြသည်။


ဤအစီရင်ခံစာကို မြန်မာနိုင်ငံလူသာချင်းစာနာမှုအဖွဲ့ အဖွဲ့ဝင်များ၏ အချက်အလက်ပံ့ပိုးမှုများဖြင့် UNOCHA မှ စုစည်းတင်ပြသည်။

# ရှမ်းမြောက်ပိုင်းတွင် လူရာပေါင်းများစွာ နေရပ်စွန့်ခွာ တိမ်းရှောင်ရ

မေလဆန်းပိုင်းက ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်တွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော်၊ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် အပါအဝင် အခြားလက်နက်ကိုင်အဖွဲ့များကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ထိုဒေသရှိ လူသားချင်းစာနာမှုအဖွဲ့များ၏ အစီရင်ခံမှုအရ အနည်းဆုံး ရွာဆယ်ရွာ ထိခိုက်ခံခဲ့ရသည်ဟု သိရသည်။ မေလတစ်လလုံး တိုက်ပွဲများနှင့် တင်းမာမှုများကြောင့် လူ ၇၀၀ ဦးကျော် မူဆယ်မြို့သို့ တိမ်းရှောင်ခဲ့ရသည်။ ၎င်းတို့အား ကချင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ် (KBC) ဘုရားကျောင်းနှင့် ရိုမန်ကက်သလစ်ဘုရားကျောင်းတို့တွင် နေရာချပေးထားသည်။ မေလနောက်ဆုံးပတ်တွင် KBC စခန်းမှ နေရပ်စွန့်ခွာတိမ်းရှောင်သူ ၂၀၀ ဦးခန့် မိမိတို့ မူလနေရာများသို့ ပြန်သွားကြသည်။ ဘုရားကျောင်းစခန်းနှစ်ခုတွင် လူ ၅၀၀ ကျော် ကျန်ရှိနေသည်။ ဤဖြစ်စဉ်မှာ နေရပ်စွန့်ခွာတိမ်းရှောင်သူ ဦးရေအသစ် ၂,၅၀၀ ခန့် ယာယီစခန်းများတွင် နေနေရသော ရှမ်းပြည်မြောက်ပိုင်းရှိ နမ်းခမ်းနှင့် ကချင်ပြည်နယ်တောင်ပိုင်းရှိ မန်းဝိန်းကြီးဒေသများတွင် ဧပြီလက လူများ ရွှေ့ပြောင်းတိမ်းရှောင်မှုနောက်ပိုင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

*ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မှ နေရပ်စွန့်ခွာတိမ်းရှောင်သူ ၇၀၀ ဦးကျော်တို့အား နိုင်ငံတကာအဖွဲ့များ ထောက်ပံ့မှုဖြင့် ဒေသခံ NGO များက ကနဦး အရေးပေါ် အကူအညီ ပေးအပ်လျက်ရှိသည်။*



မူဆယ် KBC ဘုရားကျောင်းရှိ နေရပ်စွန့်ခွာတိမ်းရှောင်လာသော မိသားစုများ ၊ မေ ၂၀၁၄။ ဓာတ်ပုံ - UNHCR

ဒေသခံ NGO (LNGOs) များ သည် WFP မှ တစ်လစာရိက္ခာအပါအဝင် နိုင်ငံတကာအဖွဲ့များ၏ အကူအညီဖြင့် ကနဦးအရေးပေါ်အကူအညီများပေးအပ်လျှက်ရှိသည်။ သို့ရာတွင် အကူအညီများ ထပ်မံလိုအပ်သည်။ လတ်တလောလစ်လပ်နေသည်မှာရေနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဖြစ်ပြီး ဒေသခံအဖွဲ့များ ကဖြေရှင်းပေးနေသည်။ တိုက်ပွဲများကြောင့် သင့်တော်သော မြေနေရာရရှိရေးမှာ ခက်ခဲနေဆဲဖြစ်သည်။ ကချင်ပြည်နယ်ရှိ လူသားချင်း စာနာမှုအဖွဲ့များက ကချင်ပြည်နယ် လဂျတ်ယန်စခန်းရှိ မူလမှီခိုရာနေရာ များသို့ ယာယီပြန်သွားကြပြီး လုံခြုံမှုပြဿနာကြောင့် ပြန်လည်ရွှေ့ပြောင်းလာရသော ပြည်သူရာပေါင်းများစွာတို့၏ ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်သော စိုးရိမ်ဖွယ်ရာများကို တင်ပြထားသည်။

# မြစ်ကြီးနားရှိ နေရပ်စွန့်ခွာတိမ်းရှောင်သော မိသားစုများ ပြန်လည်နေရာချထားရေး

မေလ ၁၀-၁၁ ရက်နေ့များတွင် ကချင်ပြည်နယ်အစိုးရသည် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်များရှိ ယာယီစခန်းများမှ မိသားစု ၁၁၃ စုကို မြစ်ကြီးနားအနောက်ဖက် ကီလိုမီတာ ၂၀ ခန့်အကွာမှ ပလနရှိ အသစ်တည်ဆောက်ထားသော အိမ်ယာများတွင် နေရာချထားပေးခဲ့သည်။ ပြန်လည်နေရာချထားရေးမဆောင်ရွက်မီ Shalom၊ UNHCR၊ UNOCHA၊ UNDP၊ UNFPA၊ UNICEF၊ WHO၊ WFP နှင့် DRC အပါအဝင် လူသားချင်းစာနာမှုအဖွဲ့အစည်းများသည် ထိုနေရာသို့ သွားရောက်ပြီး နေထိုင်ရေးအခြေအနေများကို အကဲဖြတ်လေ့လာခဲ့သည်။ ထိုအဖွဲ့များသည် ပြန်လည်နေရာချထားပေးခြင်းခံရမည့် မိသားစုများနှင့်လည်းတွေ့ဆုံပြီး ၎င်းတို့အနေဖြင့် မိမိတို့ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို သေချာစွာသိရှိပြီး မိမိဆန္ဒအလျှောက်ပြောင်းရွှေ့ခြင်းဖြစ်ကြောင်း သေချာစေရန် ဆွေးနွေးခဲ့သည်။

အကဲဖြတ်လေ့လာမှုအရ ထိုနေရာမှာ မိုးရာသီတွင် သွားလာရန် အခက်အခဲရှိပြီး အနီးဝန်းကျင်တွင် ဈေးများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မရှိကြောင်းတွေ့ရှိရသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေယာရရှိနိုင်မှုမှာလည်း ရေရာမှုမရှိဘဲ အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးပေးခန်းလိုအပ်သည်။ တွေ့ဆုံမေးမြန်းခဲ့သော မိသားစုများက ရွှေ့ပြောင်းအခြေချရန် သဘောတူသည်ဟု ဆိုသည်။ ရွှေ့ပြောင်းကြမည့်သူများက ၎င်းတို့အား မိမိတို့ မူလရပ်ရွာရှိ ပိုင်ဆိုင်မှုများကို ထိန်းသိမ်းထားနိုင်မည်ဟု အစိုးရဝန်ထမ်းများက အာမခံကြောင်း ပြော

သည်။ အစပိုင်းတွင် ပြန်လည်နေရာချထားရေးကို သဘောတူညီခဲ့ကြသော မိသားစုအချို့က လက်ရှိနေထိုင်သော စခန်းများတွင် ဆက်လက်နေထိုင်ရန် ဆုံးဖြတ်ထားကြသည်။

*လူသားချင်းစာနာမှုအဖွဲ့ အစည်းများသည် ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်မှာ မိမိတို့ဆန္ဒ အလျောက်ဖြစ်ပြီး လုံလောက်သော သတင်းအချက်အလက်အပေါ် အခြေခံမှုရှိစေရေးအတွက် ဒေသခံအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး လိုအပ်သော အကူအညီများ ပေးအပ်သွားမည်ဖြစ်သည်။*

ပြန်လည်နေရာချထားသော မိသားစုများအား ကနဦးအကူအညီများပေးရန်အတွက် အစိုးရက နိုင်ငံတကာအဖွဲ့များကို အဆိုပြုထားသည်။ WFP က လာမည့် သုံးလစာအတွက် အစားအစာရိက္ခာများ ပေးအပ်ထားသည်။ ဤကာလနောက်ပိုင်းတွင် ACTED က သုံးလစာ အစားအစာဖြန့်ဖြူးဝေငှခြင်းနှင့် ခြောက်လစာ မျိုးစေ့နှင့် ကိရိယာပစ္စည်းများ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်သွားမည်။ ကချင်ပြည်နယ်ရှိ အဖွဲ့အစည်းများသည် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်မှာ မိမိတို့ဆန္ဒအလျောက်ဖြစ်ပြီး လုံလောက်သော သတင်းအချက်အလက်အပေါ်အခြေခံမှုရှိစေရေးအတွက် ဒေသခံအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး လိုအပ်သော အကူအညီများပေးအပ်သွားမည်ဖြစ်သည်။

# မြန်မာနိုင်ငံလူသားချင်းစာနာမှုဆိုင်ရာ ရန်ပုံငွေ ၃၉% ရရှိပြီး


၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူသားချင်းစာနာမှု မဟာဗျူဟာမြောက် တုံ့ပြန်ရေး စီမံကိန်းတွင် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့ရှိလူ ၄၂၀,၀၀၀ ဦးတို့အား အကူအညီပေးရန် အမေရိကန်ဒေါ်လာ ၁၉၂ သန်း တောင်းခံထားသည်။ ၃၁ မေ ၂၀၁၄ ထိ အလှူရှင်များက ဒေါ်လာ ၇၅.၂ သန်း ပေးအပ်ထားကာ ရန်ပုံငွေလိုအပ်ချက်၏ ၃၉ ရာခိုင်နှုန်းရရှိပြီးဖြစ်သည်။ UNHCR၊ WFP နှင့် ICRC တို့၏ စီမံကိန်းများအပါအဝင် ရန်ပုံငွေစုပေါင်းတောင်းခံမှုတွင် မပါဝင်သော စီမံကိန်းများအတွက် နောက်ထပ် ဒေါ်လာ ၂၅.၆ သန်းကိုလည်း အလှူရှင်များက ပေးအပ်ထားသည်။

ကုလသမဂ္ဂ အရေးပေါ်တုံ့ပြန်ရေး ရန်ပုံငွေ (ERF) အနေဖြင့် ဩစတြေးလျ၊ ဆွီဒင်နှင့် ယူနိုက်တက်ကင်းဒမ်းတို့မှ ဒေါ်လာ ၃.၄ သန်း လက်ခံရရှိထားသည်။ ERF သည် ၂၀၁၄ ခုနှစ်အတွင်း စီမံကိန်းအသစ်များအတွက် အနည်းဆုံး ဒေါ်လာ ၄.၅ သန်း ချထားပေးသွားမည်။ ERF သည် မေလအကုန်ထိ ၂၀၁၄ ခုနှစ် ပထမငါးလအတွင်း ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ ကျန်းမာရေး၊ ပညာရေး၊ ရေနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ကာကွယ်စောင့်ရှောက်ရေး စသည့်လုပ်ငန်းများဆောင်ရွက်သည့် လူသားချင်းစာနာမှုစီမံကိန်း ငါးခုအတွက် ဒေါ်လာ ၁.၄ သန်း ပေးအပ်ခဲ့သည်။ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများသည် ကုလသမဂ္ဂ အရေးပေါ်တုံ့ပြန်ရေး ဗဟိုရန်ပုံငွေ (CERF) မှ ဒေါ်လာ ၅.၅ သန်း လက်ခံရရှိခဲ့သည်။


**2014 STRATEGIC RESPONSE PLAN**

**$192 M**

requested for 2014 Strategic Response Plan




**Central Emergency Response Fund (CERF) and Emergency Response Fund (ERF) 2014**




**ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်**

- အီဗာ မော့ဒ်ဗစ်ဂ်၊ လူသားချင်းစာနာမှုဆိုင်ရာ အစီရင်ခံစာ တင်သွင်းရေးနှင့် ပြန်ကြား ဆက်ဆံရေး အရာရှိ၊ modvig@un.org ၊ ဖုန်း ၀၉ ၄၂၀၂ ၇၅၈၇၇
- ပီယာ ပီရုမ်း၊ ပြန်ကြားရေးအရာရှိ၊ peronp@un.org ၊ ဖုန်း ၀၉ ၂၅၀၁ ၉၈၉၉၇
- OCHA လူသားချင်း စာနာမှုဆိုင်ရာ သတင်းလွှာများကို www.reliefweb.int တွင်လည်း ရယူနိုင်ပါသည်။



ဤအစီရင်ခံစာကို မြန်မာနိုင်ငံလူသားချင်းစာနာမှုအဖွဲ့ အဖွဲ့ဝင်များ၏ အချက်အလက်ပံ့ပိုးမှုများဖြင့် UNOCHA မှ စုစည်းတင်ပြသည်။